■ ပေါက်ဖော်ချစ်ကြည်ရေး

# ရန်ကုန်ပြည်သူ့ရင်ပြင်တွင် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံရန်ကုန်သို့ တင်ပို့သော ဘတ်စ်ကားလွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကိုကျင်းပခဲ့

ဇွန်လ(၁၀)ရက်နေ့တွင် ရန်ကုန်ပြည်သူ့ရင်ပြင်၌ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံရန်ကုန်မြို့သို့ တင်ပို့သောဘတ်စ်ကားလွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကိုရန်ကုန်တိုင်းဒေသကြီးအစိုးရမှ ကျင်းပခဲ့ပါသည်။ မြန်မာနိုင်ငံအခြေစိုက်တရုတ်သံအမတ်ကြီးဟုန်လျန့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းတို့တက်ရောက်ခဲ့ပြီး မိန့်ခွန်းစကားအသီးသီးပြောကြားခဲ့ကြပါသည်။ အခမ်းအနားသို့ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်စစ်၊ စက်မှု၊ လမ်းပန်းသွားလာရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဒေါ်နီလာကျော်နှင့် ရန်ကုန်ဘတ်စ်ကားဝန်ဆောင်မှုကုမ္ပဏီ (YBS)၊ YUTONG BUS CO.,LTD၊ ANKAI AUTOMOBILE CO.,LTD ကိုယ်စားလှယ်စသည့် ပုဂ္ဂိုလ်(၁၀၀)ကျော် တက်ရောက်ခဲ့ကြောင်းသိရပါသည်။

ကြာရှည်သော သမိုင်းရှိသည့် ရန်ကုန်ရွှေတိဂုံစေတီတော်၏ ရှေ့မှောက်တွင် YUTONG BUS CO.,LTD၊ ANKAI AUTOMOBILE CO., LTD တရုတ်နိုင်ငံထုတ်လုပ်သော ဓာတ်ငွေ့ဘက်စ်ကားအစီး(၁၀၀၀)ကို ရန်ကုန်တိုင်းဒေသကြီးထံ လွှဲအပ်ပေးသည်ကို အထူးဝမ်းမြောက် ဂုဏ်ယူပါကြောင်း သံအမတ်ကြီးဟုန်လျန့်က ပြောကြားခဲ့သည်။ ယင်းသည်တရုတ်မြန်မာနှစ်နိုင်ငံ ပြည်သူလူထုလူနေမှုအတွက် ပူးပေါင်းဆောင်ရွက်သည့် ရလဒ်အသစ်တစ်ခုဖြစ်သကဲ့သို့ တရုတ်မြန်မာအစဉ်အလာပေါက်ဖော်ချစ်ကြည်ရေး၏ သင်္ကေတအသစ်တစ်ခုလည်းဖြစ်နေပါသည်။

ရန်ကုန်တိုင်းဒေသကြီး ယခုနှစ်စပိုင်းကတည်းက ဘတ်စ်ကားလိုင်းများကို ပြုပြင်ပြောင်းလဲမှုပြုလုပ်ခဲ့ရာ ကားများလိုအပ်ချက်ကို ကြုံတွေ့နေရခြင်းကြောင့် ပြည်သူများသွားလာရေး အဆင်မပြေခဲ့ပေ မြန်မာနိုင်ငံ၏ ချစ်ကြည်ရင်းနှီးသောအိမ်နီးချင်းနိုင်ငံနှင့် ပေါက်ဖော်ညီအစ်ကိုမောင်နှမဖြစ်သော တရုတ်နိုင်ငံသည် ရန်ကုန်တိုင်းဒေသကြီး၏ လိုအပ်ချက်အလိုက် အလျင်မြန်ဆုံးအချိန်အတွင်း အခိုင်မာဆုံး၊ ယုံကြည်စိတ်ချရဆုံးသောတရုတ်လုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီး နှင့်ပူးပေါင်းဆောင်ရွက်မှုပြုရန်အကြံပေးခဲ့သည်။ YUTONG BUS CO.,LTD၊ ANKAI AUTOMOBILE CO.,LTDတို့သည် အလုပ်တာဝန်ကိုလက်ခံပြီးနောက် လုပ်ငန်းနှစ်ခုလုံး၏ အရင်းအမြစ်များနှင့် အင်အားများကိုစုဆောင်းပြီးထုတ်လုပ်မှုများကိုအချိန်ပိုအလုပ်ဆင်းကာ အချိန်(၂)လပင်မကြာဘဲအရည်အသွေး မှန်ကန်စွာဖြင့် အလုပ်တာဝန်ကို ပြီးမြောက်ခဲ့ရာစာချုပ်သတ်မှတ်သည့်အချိန်ထက်စောပြီး ကားများကို အပ်နှံနိုင်ခဲ့သည်။ အဖက်ဖက်၏ အတူကြိုးပမ်းမှုဖြင့် ဤဘတ်စ်ကားများတည်ငြိမ်စွာ သွားလာခုတ်မောင်းနိုင်ပြီး ရန်ကုန်မြို့၏ သာယာနေသည့် ရှုခင်းသာတစ်ခုကဲ့သို့ ဖြစ်လာစေမည်ဟု ယုံကြည်ပါသည်။ ပြည်သူလူထုများအတွက် အဆင်ပြေစေပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေမည်ဖြစ်သည်။



တရုတ်နိုင်ငံဖက်မှ ရန်ကုန်တိုင်းဒေသကြီး ဘတ်စ်ကားစနစ်ဆောက်လုပ်ရေးအတွက် အစွမ်းကုန်အားပေးမှုကို ကျေးဇူးတင်ရှိပါကြောင်း၊ YUTONG BUS CO.,LTD၊ ANKAI AUTOMOBILE CO.,LTDသည် အခက်အခဲများကိုဖြေရှင်းပြီး ကားများကိုကြိုတင်အပ်နှံနိုင်သည်ကို ကျေးဇူးတင်ရှိပါကြောင်း ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းမှ အမှာစကားပြောကြားရာတွင်ဖော်ပြခဲ့သည်။ မြန်မာတရုတ် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရန်ကုန်မြို့သူမြို့သားများ သွားရေးလာရေးခက်ခဲမှု မကြာမီဖြေတော့မည်ဖြစ်သည်။

ယခင်က ရန်ကုန်ဘတ်စ်ကားများသည် ဂျပန်မှတင်သွင်းသော ညာမောင်းကားဟောင်းများဖြစ်ပြီး အန္တရာယ်ဖြစ်နိုင်ကိန်းများပြီး လေထုညစ်ညမ်းသည်။ ယခုမှာရန်ကုန်ရာသီဥတု ပတ်ဝန်းကျင်နှင့် လမ်းကြောင်းထူးခြားချက်များကို လေ့လာပြီး ရန်ကုန်မြို့အတွက်မြို့တော်ဘတ်စ်ကားများကို အထူးထုတ်လုပ်ပေးသည်။ CNGတွန်းအားကိုအသုံးပြုသည့် ဘယ်မောင်းကားများဖြင့် ပြည်သူများသွားရေးလာရေး လုံခြုံမှုရှိစေပြီးပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းသော လိုအပ်ချက်များကို ဖြည့်စွက်ပေးမည်ဖြစ်သည်။ YUTONGနှင့် ANKAI ဘတ်စ်ကားကို သံအမတ်ကြီးဟုန်လျန့်နှင့် ဦးဖြိုးမင်းသိန်းတို့က အတူစီးနင်းပြီး ကားသွားလာရာအခြေအနေနှင့် ကားစီးရသည့် ခံစားချက်များကို ကိုယ်တိုင်ခံစားခဲ့ကြသည်။ YUTONG BUS CO.,LTD၊ ANKAI AUTOMOBILE CO.,LTD ကိုယ်စားလှယ်မှ ကားတွန်းအားပြောင်းလဲမှုနှင့် ကားကိုယ်ထည်သံချေးမတက်အောင်လုပ်ဆောင်မှု အခြေအနေများ တင်ပြချက်ကို နားထောင်ခဲ့သည်။ တရုတ်နိုင်ငံထုတ်ဘက်စ်ကားကို ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကချီးကျူးခဲ့သည်။ တရုတ်နိုင်ငံထုတ် ဘက်စ်ကားကိုယ်ထည်များသည် ကျယ်ဝန်းပြီး ငြိမ်သက်မှုရှိသည်။ ယင်းသည် ရန်ကုန်မြို့၏ ပြင်ပသို့ပုံရိပ်ကို တိုးမြှင့်စေမည်ဖြစ်သာမက ပြည်သူလူထုများအတွက် ပိုမိုသက်သာလွယ်ကူစေမည်ဖြစ်ပါသည်။

## ၂၀၁၇ခုနှစ် လန်ချမ်းမြစ်–မဲခေါင်းမြစ် မြစ်ဝှမ်းဒေသအကျိုးတူပူးပေါင်း ဆောင်ရွက်မှုအစီအစဉ်များဖွင့်ပွဲအခမ်းအနားကျင်းပ

ဇွန်လ (၁၂)ရက်နေ့တွင် ၂၀၁၇ ခုနှစ် လန်ချမ်းမြစ်-မဲခေါင်မြစ် မြစ်ဝှမ်းဒေသအကျိုးတူ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ ဖွင့်ပွဲအခမ်းအနားကိုကူမင်းမြို့တွင် ကျင်းပခဲ့သည်။

ဆောင်ရွက်မှုအတွဲလိုက် အစီအစဉ်များမှာ "၂၀၁၇ခုနှစ် တရုတ်နိုင်ငံတောင်အာရှ အရှေ့တောင်အာရှ အနုပညာသီတင်းပတ်နှင့် လန်ချမ်းမြစ်မဲခေါင်မြစ်ယဉ်ကျေးမှုပွဲတော်"၊ "တရုတ်နိုင်ငံ-အရှေ့တောင်အာရှ စီးပွားရေးဖိုရမ်"၊ "ပဉ္စမအကြိမ်မြောက် တရုတ်-တောင်အာရှ အရှေ့တောင်အာရှTink tankဖိုရမ်"၊ "နိုင်ငံခြားခရီးသွားလာရေး အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်"၊ "၂၀၁၇ခုနှစ် GMS စီးပွားရေးစင်္ကြံပြည်နယ်အုပ်ချုပ်ရေးမှူးဖိုရမ်နှင့် နဝမအကြိမ်မြောက် GMS စီးပွားရေးစင်္ကြံ အထိမ်းအမှတ် လှုပ်ရှားမှုသတင်းပတ်၊ လန်ချမ်းမြစ်-မဲခေါင်မြစ် မြစ်ဝှမ်းဒေသပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အပြန်အလှန်ဆက်သွယ်မှု ပူးတွဲအလုပ်ရုံ၏ ဦးစီးဌာနမှူးအစည်းအဝေး"စသည် တို့ဖြင့်ဖွဲ့စည်းထားပါသည်။ စီးပွားကူးသန်းရောင်းဝယ်ရေး၊ ယဉ်ကျေးမှုနှင့်လူမှုရေးဖလှယ်ခြင်း၊ ခရီးသွားလုပ်ငန်း၊ စီးပွားရေးစင်္ကြံ တည်ဆောက်ခြင်းနှင့် အပြန်အလှန်ဆက်သွယ်ရေး၊ ပညာရေးစသည့် ကဏ္ဍနယ်ပယ်(၅)ရပ်ကို အဓိကအလေးထားပါသည်။

ယူနန်ပြည်နယ်ဒုပြည်နယ်အုပ်ချုပ်ရေးမှူးချိန်ရွှဲက ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်မှာ ယူနန်သည် တရုတ်နိုင်ငံနှင့် လန်ချမ်းမြစ်-မဲခေါင်မြစ် အကျိုးတူပူးပေါင်းဆောင်ရွက်မှု၏ အဓိကကျသော ပြည်နယ်ဖြစ်ပါကြောင်း၊ ၂၀၁၅ခုနှစ်တွင် လန်ချမ်းမြစ်-မဲခေါင်မြစ် အကျိုးတူပူးပေါင်းဆောင်ရွက်မှု စနစ်စတင်အကောင်အထည်ဖော်ဆောင်ရွက်လာကတည်းက ယူနန်ပြည်နယ်သည် အလွန်အလေးထားပါကြောင်း၊ သက်ဆိုင်ရာ လုပ်ငန်းစနစ်နှင့် ပလက်ဖောင်းများကို အချိန်မီတည်ဆောက်ခဲ့ပါကြောင်း၊ အစီအစဉ်များစွာကိုလည်း အောင်မြင်စွာကျင်းပနိုင်ခဲ့ပါကြောင်း၊ မြစ်ဝှမ်းတလျှောက် နိုင်ငံများ၏ အတူကြိုးပမ်းမှုအောက်တွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုသည် ကောင်းမွန်တက်ကြွသော အောင်မြင်မှုရလဒ်များကိုရရှိခဲ့ပါကြောင်း၊ နောက်နောင်တွင် ယူနန်ပြည်နယ်သည် "အတူတကွ ညှိနှိုင်းဆွေးနွေးခြင်း၊ အတူတကွ တည်ဆောက်ခြင်း၊ အတူတကွမျှဝေခံစားခြင်း"စသည့် အယူအဆဖြင့်မြစ်ဝှမ်းတလျှောက်နိုင်ငံများနှင့် လန်ချမ်းမြစ်-မဲခေါင်မြစ် ဘုံကံကြမ္မာတူ ရပ်ဝန်းတစ်ခုဖြစ်အောင် တည်ဆောက်သွားမည်ဖြစ်ကြောင်းစသည်ဖြင့်ပြောသွားပါသည်။

လန်ချမ်းမြစ်-မဲခေါင်မြစ် အကျိုးတူပူးပေါင်းဆောင်ရွက်မှု ဘုံနိုင်ငံကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံစီးပွားရေးဝန်ကြီးဌာန နိုင်ငံကောင်စီအတွင်းရေးမှူး H.E.Chhuon Daraသည် ဖွင့်ပွဲအခန်းအနားသို့ တက်ရောက်ပြီးအမှာ စကားပြောကြားသည်။ သူကပြောကြား သွားသည်မှာ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" အကြံပြုချက်နှင့် ကုန်သွယ်ရေးရင်းနှီးမြှုပ်နှံမှု စေ့စပ်ဆွေးနွေးပွဲသည် နိုင်ငံတကာအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်မှုပလက်ဖောင်း တည်ဆောက်ပေးသည့်အတွက်ကြောင့် ချီးမွမ်းပါကြောင်းစသည်ဖြင့် ပြောကြားသွားသည်။ လန်ချမ်းမြစ်-မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများသည် လန်ချမ်းမြစ်-မဲခေါင်မြစ်အကျိုးတူပူးပေါင်းဆောင်ရွက်မှုစနစ် အောက်တွင် နိုင်ငံတော်၏ ကဏ္ဍမျိုးစုံတွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုဖြစ်ထွန်းစေသည်။ မြစ်ဝှမ်းတလျှောက် ဒေသပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်ဟု ဆက်လက်ထုတ်ဖော်ပြောကြားခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ချိန်ရွှဲနှင့် မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများမှ ဧည့်သည်တော်များနှင့် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ တရုတ်-အာဆီယံစင်တာမှ သက်ဆိုင်ရာတာဝန်ရှိသူများက လန်ချမ်းမြစ်-မဲခေါင်မြစ်အကျိုးတူပူးပေါင်းဆောင်ရွက်မှု တရုတ်နိုင်ငံအတွင်းရေးမှူး ယူနန်ဆက်သွယ်ရေးရုံးခန်း၊ ယူနန်လန်ချမ်းမြစ်-မဲခေါင်မြစ် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုစင်တာ၊ ယူနန် လန်ချမ်းမြစ်-မဲခေါင်မြစ် သုတေသနဌာန စသည်တို့အတွက် ဆိုင်းဘုတ်ဆွဲခြင်းအခမ်းအနားကိုပြုလုပ်ပေးခဲ့သည်။

သတင်းထောက် – ကျော်ချောင်